THE WORLD BANK

Working for a World Free of Poverty

**NEWS RELEASE**

# ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ စစ်တမ်းကောက်ယူမှု စတင် လုပ်ဆောင်

## ယင်းသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေ ဆန်းစစ်လေ့လာချက် (Investment Climate Assessment) စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်

**ရန်ကုန်၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်** - ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ အခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် စစ်တမ်းကောက်ယူမှုကို စတင်လိုက်ပြီဖြစ်သည်။ ယင်းစစ်တမ်းသည် ဗြိတိန် နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးရေး (UK Aid) ၏ ရန်ပုံငွေဖြင့် ကမ္ဘာ့ဘဏ်အုပ်စုက ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေ ဆန်းစစ် လေ့လာချက် (Investment Climate Assessment) စီမံကိန်း၏ တစ်စိတ် တစ်ဒေသ ဖြစ်ပါသည်။ ယခု ဆောင်ရွက်မည့် စစ်တမ်းတွင် မြန်မာနိုင်ငံရှိ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် နိုင်ငံသားပိုင်နှင့် နိုင်ငံခြားသားပိုင် အပါအဝင် လုပ်ငန်းအရွယ်အစား အသေး အကြီး အမျိုးမျိုး ၁၄၀၀ ကျော်ကို လေ့လာသွားမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အတွက် တွန်းအားပေးမည့် အစိုးရ၏ မူဝါဒများ ဖော်ဆောင်ရာတွင် ယခု စစ်တမ်းမှ ထွက်ပေါ်လာမည့် ရလဒ်နှင့် လေ့လာဆန်းစစ်ချက်များက အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ထားပါသည်။

ကမ္ဘာ့ဘဏ်သည် အရှေ့အာရှနှင့်တောင်အာရှဒေသရှိ နိုင်ငံများအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၂၀ ကျော်တွင် အလားတူ စစ်တမ်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ စစ်တမ်း၏ ရလဒ်တွင် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုနှင့် စီးပွားရေး လုပ်ငန်း ဆောင်ရွက်သည့် အခြေအနေဆိုင်ရာ အချက်များကို နိုင်ငံအဆင့်အလိုက် နှိုင်းယှဉ်နိုင်သည့် အညွှန်းကိန်းများဖြင့် ဖော်ပြသွားမည်ဖြစ်သည်။ ဥပမာအားဖြင့် ငွေကြေး အရင်းအနှီးရရှိနိုင်မှု၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရှိနိုင်မှုနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ စည်းမျဉ်းဥပဒေများ စသည်တို့ ဖြစ်ကြသည်။ မကြာခင်က ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည့် Doing Business အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ စည်းမျဉ်း ဥပဒေများကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာထားပါသည်။ ယခု ကောက်ယူမည့် စီးပွားရေး လုပ်ငန်းဆိုင်ရာ စစ်တမ်းသည် ပိုမို အသေးစိတ်သည့် မေးခွန်းများကို ဖြေဆိုနိုင်ရန် ရည်ရွယ်ထားပါသည်။ ဥပမာအားဖြင့် - မြန်မာ နိုင်ငံရှိ စီးပွားရေး လုပ်ငန်းငယ်များ ရင်ဆိုင်နေရသည့် အဓိက အခက်အခဲအတားအဆီးများက မည်သည့် အရာများဖြစ်ပါသနည်း။ ပြည်ပ ပို့ကုန် တင်ပို့မှုရာတွင် မည်သည့်အရာများက အဓိက အခက်အခဲအတားအဆီးအဖြစ် တည်ရှိနေပါသနည်း။ အခြား နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်း ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အလုပ်သမားခ နှုန်းထားများက မည်သို့ အနေအထားရှိနေပါသနည်း စသည်တို့ ဖြစ်ကြသည်။

"မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ဖို့ ပြုပြင်ပြောင်းလဲမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းက စီးပွားရေး လုပ်ငန်းရှင်တွေဆီက ကြားသိရတဲ့ အဓိက အချက်အလက်တွေ၊ သူတို့ ရင်ဆိုင် ကြုံတွေ့နေရတဲ့ အခက်အခဲ အတားအဆီးတွေကို လေ့လာ ဖော်ထုတ်ခြင်း၊ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ထိရောက်မှုရှိတဲ့ မူဝါဒ အပြောင်းအလဲတွေ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပထမဦးဆုံးပြုလုပ်မည့် စစ်တမ်းတစ်ခု ဖြစ်တာနဲ့ အညီ လက်ရှိ လုပ်ငန်းတွေရဲ့ စံချိန်စံညွှန်းတွေကို သတ်မှတ်နိုင်မှာ ဖြစ်ပြီး ရှေ့ဆက်ပြီး တိုးတက်မှုအခြေအနေတွေကို တိုင်းတာ သိရှိနိုင်ဖို့ ကူညီ ပေးနိုင်ပါလိမ့်မယ်" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ ခန်သန်ရှန်ကာက ပြောသည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ သုတေတန ဆောင်ရွက်မှုနည်းလမ်းများကို အသုံးပြုပြီး ဆောင်ရွက်မည့် ယခု စစ်တမ်းကောက်ယူမှုကို မြန်မာနိုင်ငံ၏ သုတေသနနှင့် စစ်တမ်းကောက်ယူမှုတွင် ထိပ်တန်း ကုမ္ပဏီတစ်ခုဖြစ်သည့် MMRD နှင့် အတူအကွ ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တောင်ကြီးနှင့် ပဲခူးမြို့များတွင် စစ်တမ်းကောက်ယူမှုကို စတင်သွားမည်ဖြစ်သည်။ စစ်တမ်း၏ ကနဦး ရလဒ်များကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်နိုင်မည်ဟု စီစဥ်ထားပါသည်။ ကောက်ယူရရှိသည့် သတင်းအချက်အလက်များ၏ တိကျ မှန်ကန်မှုကို သေချာစေရန်နှင့် စစ်တမ်းကောက်ယူရာတွင် ပါဝင်ဖြေဆိုပေးမည့် စီးပွားရေးလုပ်ငန်းများကို အကာအကွယ် ပေးနိုင်ရန်အတွက် လုပ်ငန်းတစ်ခုချင်းစီ၏ အချက်အလက်များကို ဖော်ထုတ်ခြင်း မပြုဘဲ လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားမည်ဟု ကမ္ဘာ့ဘဏ်က ကတိပြုထားပါသည်။

**ဆက်သွယ်ရန်**


ဦးကျော်စိုးလင်း (ရန်ကုန်) ၉၅ ၁ ၆၅၄၈၂၄ klynn@worldbank.org

Paul Risley (Bangkok) 66807815165, prisely@worldbank.org

ကမ္ဘာ့ဘဏ်၊ မြန်မာနိုင်ငံ၏ ဝက်ဆိုက်လိပ်စာ

http://www.worldbank.org/myanmar


## ကမ္ဘာ့ဘဏ်အုပ်စု

ကမ္ဘာ့ဘဏ်အုပ်စုသည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအနက် တစ်ခုဖြစ်ပြီး ကမ္ဘာနှင့်အဝှမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား ငွေကြေးနှင့် နည်းပညာ အကူအညီများ အဓိက ပေးအပ်လျက်ရှိသည်။ အဆိုပါ ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့အစည်းများသည် အတူတကွ ပူးပေါင်းလုပ်ကိုင်လျက်ရှိကြပြီး ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားနိုင်စေရေးဟူသော ရည်မှန်းချက်နှစ်ရပ်ဆီသို့ ရောက်ရှိစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ ပညာရေး၊ အခြေခံ အဆောက်အဦး တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကဏ္ဍများတွင် အကူအညီများ ပေးလျက်ရှိသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိက အကျိုးရှိစေမည့် ကဏ္ဍနယ်ပယ်များအတွက် လိုအပ်သည့် အသိပညာဖြန့်ဝေခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေး ကူညီပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။